IRAP International Refugee Assistance Project

# အမေရိကန် ပြည်ထောင်စုအတွင်း ယာယီအကာအကွယ်ပေးမှု အဆင့် (TPS) မည်သည့် အခြေအနေတွင် ရောက်ရှိနေလဲ


[အကျဉ်းချုပ်](#)
[ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုတာ ဘာလဲ။](#)
[နိုင်ငံအလိုက် ယာယီ အကာအကွယ်ပေးမှုအဆင့် လက်ရှိ အခြေအနေ မည်သို့ ရှိသလဲ။](#)
- [အာဖဂန်နစ္စတန်နိုင်ငံ](#)
- [မြန်မာနိုင်ငံ](#)
- [ကင်မရွန်းနိုင်ငံ](#)
- [အယ်လ်ဆာဗေဒိုနိုင်ငံ](#)
- [အီသီယိုးပီးယားနိုင်ငံ](#)
- [ဟေတီနိုင်ငံ](#)
- [ဟွန်ဒူးရပ်စ်နိုင်ငံ](#)
- [လက်ဘနွန်နိုင်ငံ](#)
- [နီပေါနိုင်ငံ](#)
- [နီကာရာဂွါနိုင်ငံ](#)
- [ဆိုမာလီနိုင်ငံ](#)
- [တောင်ဆူဒန်နိုင်ငံ](#)
- [ဆူဒန်နိုင်ငံ](#)
- [ဆီရီးယားနိုင်ငံ](#)
- [ယူကရိန်းနိုင်ငံ](#)
- [ဗင်နီဇွဲလားနိုင်ငံ (၂၀၂၁)](#)
- [ဗင်နီဇွဲလားနိုင်ငံ (၂၀၂၃)](#)
- [ယီမင်နိုင်ငံ](#)

[ဆီရီးယားနှင့်ဟေတီနိုင်ငံများ၏ TPS ဆိုင်ရာ တရားရုံးချုပ်အမှုများက အခြားနိုင်ငံများ၏ TPS များအပေါ် မည်သို့ သက်ရောက်မှုရှိမလဲ။](#)
[တရားရုံးချုပ်၏ အမှုက အမေရိကန်ပြည်ထောင်စုအတွင်း မိမိ၏ အလုပ်လုပ်နိုင်မှုအပေါ် သက်ရောက်မှုရှိမလား။](#)
[ယာယီ အကာအကွယ်ပေးမှုအဆင့် ဆုံးရှုံးပါက မည်သို့ ပြင်ဆင် ဆောင်ရွက်မလဲ](#)
[ထပ်ဆောင်း သတင်းအချက်အလက်များနှင့် အရင်းအမြစ်များ](#)

**ယခုသတင်းဆောင်းပါးကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် နောက်ဆုံး ပြင်ဆင်ရေးသားထားသည်။**

# အကျဉ်းချုပ်

ယာယီ အကာအကွယ်ပေးမှု အဆင့် (TPS) သည် မိခင်နိုင်ငံများသို့ ပြန်သွားရန် မလုံခြုံသည့် အခြေအနေတွင်ရှိနေသော အချို့ နိုင်ငံများမှ လူများအား အမေရိကန်နိုင်ငံအတွင်း ဆက်လက် နေထိုင်နိုင်ရန် အကူအညီပေးသည့် အမေရိကန် အစိုးရ၏ အစီအစဉ်တစ်ခု ဖြစ်သည်။ ယာယီ အကာအကွယ် ပေးမှု အဆင့် ရရှိပါက အမေရိကန်နိုင်ငံတွင် အချိန်ကန့်သတ်ထားသည့် ကာလအတွင်း နေထိုင်နိုင်ပြီး အလုပ်လုပ်နိုင်ပါသည်။ ယခုဆောင်းပါးတွင် နိုင်ငံအလိုက် ယာယီအကာအကွယ်ပေးမှု အဆင့်ဆိုင်ရာ လက်ရှိ အခြေအနေကိုလည်းကောင်း၊ အမေရိကန်နိုင်ငံအတွင်း ယာယီအကာအကွယ် ပေးမှုအဆင့်နှင့် ပတ်သက်ပြီး အပြောင်းအလဲများ ဖြစ်ပေါ်နေမှုများကိုလည်းကောင်း ရှင်းလင်းဖော်ပြထားသည်။ ယခုအချိန်တွင် ယာယီ အကာအကွယ်ပေးမှုအဆင့်နှင့်ပတ်သက်သည့် အပြောင်းအလဲများ လျှင်မြန်စွာ ဖြစ်ပေါ်လျက်ရှိပါသည်။ အမေရိကန် အစိုးရသည် နိုင်ငံ အများအပြားအား ပေးအပ်ထား သည့် ယာယီ အကာအကွယ်ပေးမှုအဆင့်ကို ပယ်ဖျက်ရန် ကြိုးပမ်းနေသကဲ့သို့ တရားရုံးများကလည်း ထိုအပြောင်းအလဲများကို လတ်တလော ယာယီ ဆိုင်းငံ့ထားခဲ့သည်။

သို့ရာတွင် မကြာခင် ကာလအတွင်း ယာယီ အကာအကွယ်ပေးမှု အဆင့်ဆိုင်ရာ အစီအစဉ်များ အားလုံးအပေါ် သက်ရောက်မှု အလားအလာ ရှိလာနိုင်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်သည် [Dahlia Doe v. Noem (Syria)](#) and Miot v. Trump (Haiti) ဟုခေါ်ဆို သည့် ပူးတွဲအမှုနှစ်မှုနှင့်ပတ်သက်၍ အပြန်အလှန် တင်ပြ ဆွေးနွေးမှုများအပေါ် ကြားနာမှုများပြုလုပ် မည်ဖြစ်သည်။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် ဆီရီးယားနှင့် ဟေတီနိုင်ငံသားများအပေါ် သက်ရောက်မှုများ ရှိစေမည်ဖြစ်ပြီး အမေရိကန်နိုင်ငံအတွင်းရှိ ယာယီ အကာအကွယ်အဆင့် ရရှိထားသူအားလုံးအပေါ်တွင်လည်း သက်ရောက်နိုင်ခြေ ရှိပါသည်။

**တရားသူကြီးများ၏ ဆုံးဖြတ်ချက်များအပေါ် အတိအကျ ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်သော်လည်း လက်ရှိ ယာယီ အကာအကွယ်ပေးမှုအဆင့် ရရှိထားသူများ အနေဖြင့် ၎င်းတို့ရရှိထားသည့်အဆင့် အပေါ် သက်ရောက်နိုင်ခြေနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အရေးကြီးပါသည်။** အမေရိကန်နိုင်ငံအတွင်း လုံခြုံစွာ နေထိုင်နိုင်ရေးကို အထောက်အကူ ပြုနိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရွေးချယ်စရာနည်းလမ်းများနှင့်စပ်လျဉ်း၍ ကျွမ်းကျင် တတ်သိသော ရှေ့နေများနှင့် ဆွေးနွေးသင့်ပါသည်။

IRAP International Refugee Assistance Project

ယာယီ အကာအကွယ်ပေးမှုအဆင့် ဆုံးရှုံးပါက မည်သို့ ပြင်ဆင်ထားသင့်သည်ကို ပိုမိုသိရှိရန် ဤနေရာ ကို နှိပ်ပြီး ဖတ်ရှုနိုင်ပါသည်။

ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုင်ရာ ဆုံးဖြတ်ချက်ကို ပြည်ထောင်စု တရားရုံးချုပ်က ချပြီး ပါက လည်း သင့်အနေနှင့် ဤဝက်ဆိုဒ်ကို ပြန်လည် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုတာ ဘာလဲ။

ယာယီ အကာအကွယ်ပေးမှုအဆင့် (TPS) သည် ယာယီ ပေးအပ်ထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အမျိုးအစား အဆင့်အတန်း တစ်ခုဖြစ်သည်။ အမေရိကန် အစိုးရသည် စစ်ပွဲကြောင့်ဖြစ်စေ၊ သဘာဝ ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် တခြားလွန်ကဲပြင်းထန်သည့်အခြေအနေ ကိစ္စရပ် များကြောင့် ဖြစ်စေ၊ မိခင်နိုင်ငံများတွင် လုံခြုံမှုမရှိသောအခါ အချို့သော နိုင်ငံများမှ နိုင်ငံသားများကို ယာယီ အကာအကွယ်ပေးမှု အဆင့် ပေးအပ်သည်။

မကြာသေးမီ နှစ်များအတွင်း ယာယီ ကာကွယ်ပေးမှုအဆင့် ပေးအပ်ခံရသောနိုင်ငံများမှာ အာဖဂန်နစ္စတန်၊ မြန်မာ၊ ကင်မရွန်း၊ အယ်လ်ဆာဗေဒို၊ အီသီယိုးပီးယား၊ ဟေတီ၊ ဟွန်ဒူးရပ်စ်၊ လက်ဘနွန်၊ နီပေါ၊ နီကာရာဂွါ၊ ဆိုမာလီ၊ တောင် ဆူဒန်၊ ဆူဒန်၊ ဆီရီးယား၊ ယူကရိန်း၊ ဗင်နီဇွဲလားနှင့် ယီမင် နိုင်ငံများ ဖြစ်သည်။

မိမိအနေဖြင့် တရားဝင် ယာယီ အကာအကွယ်ပေးမှုအဆင့် ရရှိထားပါက

- အမေရိကန် ပြည်ထောင်စုအတွင်း တရားဝင် နေထိုင်နိုင်သည်။
- အလုပ်လုပ်ခွင့် လျှောက်ထားနိုင်သည်။
- ယာယီ အကာအကွယ်ပေးမှုအဆင့် သက်တမ်းရှိနေသေးချိန်တွင် မိမိအား ဖမ်းဆီးခြင်းနှင့် ပြန်လည်နှင်ထုတ်ခြင်းတို့မှ အကာအကွယ်ပေးထားသည်။

သို့ရာတွင် ယာယီ အကာအကွယ်ပေးမှုအဆင့်က **မလုပ်ဆောင်ပေးနိုင်သည့်** အရာများမှာ

- အမြဲတမ်းနေထိုင်ခွင့် အဆင့် မပေးပါ။
- အမြဲတမ်းနေထိုင်ခွင့်ကဒ်ပြား (Green Card) ရရှိရန် လမ်းကြောင်းတစ်ခု အဖြစ် ရှိမနေပါ။

IRAP International Refugee Assistance Project

# နိုင်ငံအလိုက် ယာယီ အကာအကွယ်ပေးမှုအဆင့် လက်ရှိ အခြေအနေ မည်သို့ ရှိသလဲ။

ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုင်ရာ အခြေအနေသည် နိုင်ငံတစ်ခုချင်းစီအလိုက် ကွာခြားသလို တရားရုံးအမှုကိစ္စများကြောင့် မကြာခဏ ပြောင်းလဲလျက်ရှိပါသည်။ အောက်တွင် ယာယီ အကာအကွယ် ပေးမှုအဆင့် နိုင်ငံချင်းအလိုက် အခြေအနေများကို ဖော်ပြထားသည်။

## အာဖဂန်နစ္စတန်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## မြန်မာနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ကင်မရွန်းနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## အယ်လ်ဆာဗေဒိုနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

IRAP International Refugee Assistance Project

## အီသီယိုးပီးယားနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဟေတီနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဟွန်ဒူးရပ်စ်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## လက်ဘနွန်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## နီပေါနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## နီကာရာဂွါနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။

IRAP International Refugee Assistance Project

USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဆိုမာလီနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## တောင်ဆူဒန်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဆူဒန်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဆီရီးယားနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ယူကရိန်းနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဗင်နီဇွဲလားနိုင်ငံ (၂၀၂၁)

IRAP International Refugee Assistance Project

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှု အာဏာသက်ရောက်ပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဗင်နီဇွဲလားနိုင်ငံ (၂၀၂၃)

တည်ရှိဆဲ အမှု ။ ။ TPS ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့အထိ ပြန်လည်ပေးအပ်ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ယီမင်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

# ဆီရီးယားနှင့်ဟေတီနိုင်ငံများ၏ TPS ဆိုင်ရာ တရားရုံးချုပ်အမှုများက အခြားနိုင်ငံများ၏ TPS များအပေါ် မည်သို့ သက်ရောက်မှုရှိမလဲ။

၂၀၂၆ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က ဆီရီးယားနှင့် ဟေတီ နိုင်ငံတို့၏ TPS အခြေအနေတို့နှင့်သက်ဆိုင်သည့် အမှုကိစ္စများအပေါ် ကြားနာစစ်ဆေးမည် ဖြစ်သည်။

အမေရိကန်အစိုးရက ဆီရီးယားနှင့်ဟေတီနိုင်ငံတို့၏ ယာယီအကာအကွယ်ပေးရေးအဆင့်ကို ရပ်ဆိုင်းရန် ကြိုးပမ်းခဲ့သော်လည်း IRAP အဖွဲ့ အပါအဝင် အဖွဲ့အစည်းများက ယာယီ အကာအကွယ်ပေးရေးအဆင့် ရပ်ဆိုင်းခြင်းများကို တားဆီးရန် အစိုးရကို တရားစွဲဆိုလျက်ရှိကြသည်။ ယခုအချိန်အထိ ဆီရီးယားနှင့် ဟေတီနိုင်ငံများ၏ ယာယီ အကာအကွယ်ပေးရေးအဆင့် မရပ်ဆိုင်းသေးပါ။ **သို့သော် တရားရုံးချုပ် အနေဖြင့် ဆီရီးယားနှင့်ဟေတီများ၏ ယာယီအကာအကွယ်ပေးရေးအဆင့်များအား ရပ်ဆိုင်းနိုင်ခြေ ရှိသလို အဆိုပါ ဆုံးဖြတ်ချက်ကြောင့်**

**IRAP** International Refugee Assistance Project

**တခြားနိုင်ငံများ၏ ယာယီ အကာအကွယ်ပေးရေးအဆင့်များ ရပ်ဆိုင်းမှုဆီသို့လည်း ဦးတည်သွားနိုင်ပါသည်။**

**ယာယီ အကာအကွယ်ပေးရေးအဆင့် ရပ်ဆိုင်းခံရသည့် နိုင်ငံများမှ ယာယီ အကာအကွယ်ပေးရေး အဆင့် ခံစားခွင့် ရရှိထားသူများသည် အခြား မည်သည့် တရားဝင်နေထိုင်ခွင့်အဆင့်မှ မရှိပါက ဖမ်းဆီး ထိန်းသိမ်းခံရခြင်းနှင့်ပြန်လည်နှင်ထုတ်ခံရခြင်း အန္တရာယ်နှင့် ရင်ဆိုင်နိုင်ခြေရှိပါသည်။**

# တရားရုံးချုပ်၏ အမှုက အမေရိကန်ပြည်ထောင်စုအတွင်း မိမိ၏ အလုပ်လုပ်နိုင်မှုအပေါ် သက်ရောက်မှုရှိမလား။

သက်ရောက်နိုင်ခြေရှိပါသည်။ မိမိ နိုင်ငံအတွက် ယာယီ အကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းလိုက်ပါက မိမိ၏ အမေရိကန်နိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ခွင့် (work authorization) လည်း မရှိတော့ပါ။ မိမိတွင် အမေရိကန်နိုင်ငံတွင် တရားဝင် အလုပ်လုပ်နိုင်ခွင့်ရှိသော တခြား တရားဝင်အခြေအနေ တစ်ခု ရှိပါကမူ ထိုအခြေအနေသည် ချွင်းချက်ဖြစ်သည်။ ယာယီ အကာအကွယ်ပေးမှုအဆင့် မရှိဘဲနှင့်မူ အမေရိကန်နိုင်ငံအတွင်း ဆက်လက် အလုပ်လုပ်နိုင်တော့မည် မဟုတ်ပါ။

# ယာယီ အကာအကွယ်ပေးမှုအဆင့် ဆုံးရှုံးပါက မည်သို့ ပြင်ဆင် ဆောင်ရွက်မလဲ

မိမိနိုင်ငံအတွက် ယာယီအကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းလိုက်ပါက မိမိအနေဖြင့်လည်း တခြား တရားဝင် အခြေအနေအဆင့် မရှိပါက ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် ပြန်လည် နှင်ထုတ် ခံရခြင်း အန္တရာယ် ရှိနိုင်သည်။ အမေရိကန်နိုင်ငံအတွင်း ဆက်လက်နေထိုင်နိုင်ရေး မိမိ ရွေးချယ်နိုင်စရာများနှင့် စပ်လျဉ်း၍ လိုင်စင်ရ၊ အရည်အချင်းပြည့်မီသော ရှေ့နေတစ်ဦးနှင့် ဆွေးနွေးရန် အရေးကြီးပါသည်။ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ် နည်းပါးသော ရှေ့နေများစာရင်းကို ဤနေရာ တွင် ရှာဖွေ ကြည့်ရှု နိုင်ပါသည်။ မှတ်ချက် ။ ။ စာရင်းတွင် ပါရှိသော ရှေ့နေများ၏ ဝန်ဆောင်မှု အရည်အသွေးကို *IRAP* အဖွဲ့က အာမခံနိုင်မည် မဟုတ်ပါ။

IRAP International Refugee Assistance Project

အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် စည်းကြပ်မှု (ICE) အရာရှိများနှင့်ထိတွေ့ဆက်ဆံရာတွင် မိမိထံတွင် အခွင့်အရေးများ ရှိသည်ကို နားလည်သိရှိထားမှုသည်လည်း အရေးကြီးပါသည်။ ထိုအခွင့်အရေးများတွင် အောက်ပါတို့ ပါဝင်သည်။

- နှုတ်ပိတ်နေခြင်းနှင့် မေးခွန်းများကို မဖြေကြားဘဲ နေခြင်း။
- တရားသူကြီး လက်မှတ်ရေးထိုးထားသည့် ဝရမ်းမပါဘဲ မိမိအား သို့မဟုတ် မိမိပိုင်ဆိုင်မှုအိမ်အား ရှာဖွေခြင်းကို ခွင့်မပြု၊ ငြင်းဆန်ခြင်း။
- ဖမ်းဆီးခံရပါက ရှေ့နေနှင့်ဆက်သွယ်စကားပြောခြင်း။

# ထပ်ဆောင်း သတင်းအချက်အလက်များနှင့် အရင်းအမြစ်များ

လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနှင့်ကြုံတွေ့ရနိုင်သော အခြေအနေ အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုစေရန် ဘာသာစကား အမျိုးမျိုးဖြင့် ရရှိနိုင်သော အောက်ပါ အရင်းအမြစ်များကိုလည်း ဖတ်ရှုလေ့လာနိုင်ပါသည်။

- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ICE နှင့်ရင်ဆိုင်တွေ့ဆုံရပြီဆိုပါက — အမျိုးသား လူဝင်မှုကြီးကြပ်ရေး တရားမျှတမှု ဗဟိုဌာန (National Immigration Justice Center)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ လူဝင်မှုကြီးကြပ်ရေးမှ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံရပါက ဘာလုပ်ရမလဲ — အမျိုးသား လူဝင်မှုကြီးကြပ်ရေး ဥပဒေ ဗဟိုဌာန (National Immigration Law Center)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ဥပဒေ အရင်းအမြစ် အကဲပ် — အမျိုးသား အမေရိကန်ကိုရီးယား ဝန်ဆောင်မှုနှင့် ပညာရေးအဖွဲ့ (National Korean American Service and Education Consortium)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ဥပဒေစိုးမိုးရေးအဖွဲ့နှင့်ဆက်ဆံရာတွင် ဘာတွေ လုပ်ရမလဲ — CLEAR
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ရွှေ့ပြောင်းနေထိုင်သူများ၏ အခွင့်အရေးများ — ACLU

နောက်ဆုံးအနေဖြင့်၊ National TPS Alliance သည် ယာယီ အကာအကွယ်ပေးမှုအဆင့် (TPS) ရရှိထားသူများအား TPS ဆိုင်ရာ ထပ်ဆောင်းအရင်းအမြစ်များနှင့်အထောက် အပံ့များ ပေးအပ်နိုင်ပါသည်။ ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံများရေးဆွဲခြင်းနှင့် အခြား ပုဂ္ဂိုလ် ချင်းစီအလိုက် ပေးအပ်သော

IRAP International Refugee Assistance Project

အထောက်အပံ့များနှင့်ပတ်သက်သည့် ထပ်ဆောင်း သတင်းအချက်အလက်များအတွက် အခြားသော အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်ကူညီပံ့ပိုးရေး စီမံကိန်း (IRAP) သည် ဒုက္ခသည်အချို့နှင့် နေရပ်လွတ်ခံရသူများအား အခမဲ့ ဥပဒေရေးရာ ကူညီပံ့ပိုးမှုများ ပေးသည်။ IRAP သည် လူများကို ကူညီရန် ဆုံးဖြတ်ရာတွင် ၎င်းတို့၏ လိုအပ်ချက်နှင့် နိုင်ငံဝင်ခွင့်အခြေအနေ ရရှိရန် တရားဝင်အရည်အချင်းများကိုသာ အခြေခံပြီး၊ အခြား လူမှုရေး၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ စံနှုန်းများအပေါ် မူတည်၍ မဆုံးဖြတ်ပါ။

- IRAP သည် လူအချို့အား ဝန်ဆောင်မှုများ ရှာဖွေရန်နှင့် ဒုက္ခသည်နှင့် ဗီဇာလျှောက်လွှာများ ပြင်ဆင်ရာတွင် ကူညီပံ့ပိုးပေးသည်။
- IRAP သည် မည်သည့်အစိုးရ၊ IOM သို့မဟုတ် UNHCR တို့၏ အစိတ်အပိုင်း မဟုတ်ပါ။
- IRAP သည် ဒုက္ခသည်အခြေအနေ သို့မဟုတ် ဗီဇာ မပေးနိုင်ပါ၊ အမှုများကိုလည်း မြန်ဆန်စေ၍ မရပါ။
- IRAP သည် ငွေကြေးကူညီမှု မပေးနိုင်ပါ၊ အိမ်ရာ ရှာဖွေရန် သို့မဟုတ် ငွေပေးချေ၍ မရပါ၊ အလုပ်အကိုင် ရှာဖွေရန်လည်း မရပါ။
- IRAP ၏ ကူညီမှုအားလုံးသည် အခမဲ့ဖြစ်သည်။ IRAP နှင့် ဆက်စပ်သူ မည်သူမျှ သင့်ထံမှ ငွေကြေး သို့မဟုတ် အခြား ဝန်ဆောင်မှု တောင်းဆိုခွင့် မရှိပါ။

ဤဝက်ဘ်ဆိုဒ်တွင် ဒုက္ခသည်အချို့အတွက် ရရှိနိုင်သည့် ဥပဒေရေးရာ လုပ်ငန်းစဉ်များအကြောင်း အထွေထွေ အချက်အလက်များသာ ပါဝင်သည်။ ၎င်းသည် တစ်ဦးချင်းစီ၏ လျှောက်လွှာများအတွက် ဥပဒေရေးရာ အကြံဉာဏ် မဟုတ်ပါ။

လိုအပ်ချက်များ ပြောင်းလဲနိုင်ပါသည်။ သင့်တောင်းဆိုချက်ကို ဆုံးဖြတ်သည့် အစိုးရ သို့မဟုတ် အေဂျင်စီမှ လက်ရှိလိုအပ်ချက်များကို အမြဲစစ်ဆေးပါ။

သင်သည် ဒုက္ခသည် အရေးပေါ်အခြေအနေတစ်ခုတွင် ရှိပါက၊ သင်နေထိုင်သော နိုင်ငံရှိ UNHCR ရုံးကို ဆက်သွယ်ရန် အကြံပြုပါသည်။

IRAP International Refugee Assistance Project